ပုံစံ(၉)

ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၁၇(ဃ) }

ခုံသမာဓိအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ်(၇/၂၀၂၆ )

| | |
|---|---|
| ဦးငြိမ်းချမ်းကိုကို (အလုပ်သမား)<br>အမှတ်(၃၄)၊ ပဒုမ္မာလမ်း၊ (၈)ရပ်ကွက်<br>သုံးခွမြို့နယ်။<br>၀၉-၈၈၃ ၂၀၄ ၃၃၉ | တောင်းဆိုသူ |

နှင့်

| | |
|---|---|
| ဦးရဲဝေယံလင်း (အလုပ်ရှင်)<br>Master Diamond Co., Ltd (အင်ဂျင်ဝိုင်ဖြန့်ချိရေး လုပ်ငန်း)၊ ဒေါ်နီလာဝင်း၊ ဦးဖုန်းပြည့်ဖြိုး (ကုမ္ပဏီ၏ ကိုယ်စားလှယ်)၊ အမှတ် (၂၉/၃၁)၊ နဝရတ်အိမ်ရာ၊ သာကေတမြို့နယ်။ | တောင်းဆိုခြင်းခံရသူ |

ရက်စွဲ။၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၂၉/၃၁)၊ နဝရတ်အိမ်ရာ၊ သာကေတမြို့နယ်ရှိ ဦးရဲဝေယံလင်း (အလုပ်ရှင်) ပိုင်ဆိုင်သော Master Diamond Co., Ltd (အင်ဂျင်ဝိုင်ဖြန့်ချိရေးလုပ်ငန်း)နှင့် ဦးငြိမ်းချမ်းကိုကို(အလုပ်သမား)တို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို သာကေတမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေး ဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များ ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

ကောက်ချက်။ အလုပ်ရှင်က ယာဉ်မောင်း ဦးငြိမ်းချမ်းကိုကို (အလုပ်သမား) အား အလုပ်ပြန်လည်ခန့်ထားရန် သင့်/ မသင့်။ ကြားကာလနစ်နာကြေးပေးရန် သင့်/ မသင့်။

**အမှုဖြစ်စဉ်အကျဉ်းချုပ်**

၃။ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၂၉/၃၁)၊ နဝရတ်အိမ်ရာ၊ သာကေတမြို့နယ်ရှိ ဦးရဲဝေယံလင်း (အလုပ်ရှင်) ပိုင်ဆိုင်သော Master Diamond Co., Ltd (အင်ဂျင်ပိုင်ဖြန့်ချိရေးလုပ်ငန်း)နှင့် ဦးငြိမ်းချမ်းကိုကို (အလုပ်သမား) ဖြစ်ပွားသော အငြင်းပွားမှုကို သာကေတမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ရာ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က (၂) ကြိမ်တိုင်တိုင် ညှိနှိုင်းဖြေရှင်းပေးသော်လည်း ပြေလည်မှုမရှိခဲ့၍ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ ပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

**စစ်ဆေးတွေ့ရှိချက်**

၄။ အလုပ်သမားထွက်ဆိုတင်ပြရာတွင် ယာဉ်မောင်း ဦးငြိမ်းချမ်းကိုကိုသည် Master Diamond Co.,Ltd (အင်ဂျင်ပိုင်ဖြန့်ချိရေးလုပ်ငန်း)တွင် ၁၁-၄-၂၀၂၅ ရက်နေ့မှ စတင်အလုပ်ဝင်ရောက်ခဲ့ပါကြောင်း၊ ယာဉ်မောင်းရာထူးဖြင့် လစာကျပ် ၅၀၀,၀၀၀ ရရှိခဲ့ပါကြောင်း၊ ကုမ္ပဏီတွင် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်(EC) စာချုပ် မရှိပါကြောင်း၊ ကုမ္ပဏီ၏ ယာဉ်မောင်းလိုက်နာရမည့် စည်းကမ်းချက်များဖြင့် အလုပ်ခန့်ထားခြင်း ဖြစ်ပါကြောင်း၊ ယာဉ်မောင်းမှ ကုမ္ပဏီစည်းကမ်းချက်ကို ဖတ်ရှုခဲ့ပါကြောင်း၊ ယခုဖြစ်စဉ်တွင် ၁၇-၆-၂၀၂၆ ရက်နေ့တွင် ရန်ကုန်မှ မြဝတီသို့ ကုမ္ပဏီ၏လုပ်ငန်းတာဝန်အရ အရောင်းမန်နေဂျာ ဦးဟိန်းသူကျော်၊ အရောင်းဝန်ထမ်း ဦးစည်သူဝင်း၊ စတိုဝန်ထမ်း ဒေါ်ယမင်းသူနှင့် သန့်ရှင်းရေးဝန်ထမ်း ဒေါ်လဲ့လဲ့တို့နှင့်အတူ ကုမ္ပဏီ၏ မော်တော်ယာဉ်အမှတ် 6F-9855 ဖြင့် မြဝတီသို့ သွားရောက်ခဲ့ပါကြောင်း၊ မိမိသည် အလုပ်ရှင်အား တောင်တက်၊ တောင်ဆင်းတွင် ကားမမောင်းဖူးပါဟု ပြောခဲ့ပါကြောင်း၊ အလုပ်ရှင်က ဒလတ်တားတွင် ၎င်းနှင့်အတူ အစမ်းမောင်းလေ့ကျင့်ခိုင်းခဲ့ပါကြောင်း၊ မြဝတီသို့ လုပ်သက်တစ်နှစ်ကျော်တွင် ပထမဦးဆုံး မောင်းနှင်ခြင်းဖြစ်ပါကြောင်း၊ ကော့ကရိတ်တံတားတွင် ညအိပ်ပြီး ၁၈-၆-၂၀၂၆ ရက်နေ့တွင် ကော့ကရိတ်မှ မြဝတီသို့ထွက်ခဲ့ရာ လမ်းတဝက် ကော့ကရိတ်အကျော်တွင် တောင်တက်၊ တောင်ဆင်းဖြစ်သည့်အတွက် ကားမှညှော်နံ့ထွက်၍ လမ်းဘေးသို့ ချရပ်ခဲ့ပါကြောင်း၊ ကားစက်နှိုးကြည့်သည့်အခါ စက်နှိုးမရတော့ပါကြောင်း၊ ကားပေါ်တွင်ပါလာ

သော တာဝန်ခံ ဦးဟိန်းသူကျော်မှ မြဝတီရှိ သူငယ်ချင်းကို ဖုန်းဖြင့်ခေါ်၍ အကူအညီတောင်းပြီး မြဝတီမြို့သို့ အခြားတစ်စီးဖြင့် ကားဆွဲပြီး ရောက်ရှိခဲ့ပါကြောင်း၊ မြဝတီရှိ ကားဝပ်ရှော့ဆိုင်တွင် အပ်ပြီး ယာဉ်မောင်းအပါအဝင် ဝန်ထမ်း (၅)ဦးတို့သည် တည်းခိုခန်းတွင် ရပ်နားခဲ့ပါကြောင်း၊ ၁၉-၆-၂၀၂၆ ရက်နေ့တွင် ဝန်ထမ်းမိန်းကလေး(၂)ဦးဖြစ်သည့် ဒေါ်ယမင်းသူနှင့် ဒေါ်လွဲလွဲတို့ သည် ရန်ကုန်သို့ ပြန်သွားပါကြောင်း၊ ဦးဟိန်းသူကျော်နှင့် ဦးစည်သူဝင်းတို့ကျန်ခဲ့ပြီး အရောင်း တာဝန်ခံ ဦးဟိန်းသူကျော်မှ ကားစက်နှိုးမရ၍ ကားပြင်ဆင်ရမည့်အကြောင်းကို ရန်ကုန်ရှိ အလုပ်ရှင်အား ဖုန်းဆက်ပြောခဲ့ပါကြောင်း၊ ပထမဝပ်ရှော့တွင် ကားကိုကလပ်လဲပြီး စက်နှိုး ကြည့်သည့်အခါ ကားမှ အင်ဂျင်မနိုးသည့်အတွက် ကားအကုန်လုံးကို ဖြုတ်ပြီးကြည့်မှသာ အဆင်ပြေမည်ဟု ပြောခဲ့ပါကြောင်း၊ တာဝန်ခံ ဦးဟိန်းသူကျော်ရှိစဉ်တွင် ကားအတွင်းလိုအပ် သည်များ ပြင်ဆင်ခြင်းပြုလုပ်ပြီး ဦးဟိန်းသူကျော်မှ ကားထဲတွင် ပြင်ဆင်ရမည့်ကိစ္စကို အချိန်နှင့် တပြေးညီ အလုပ်ရှင်ထံ တင်ပြခြင်းဖြစ်ပါကြောင်း၊ ပထမဝပ်ရှော့တွင် ၁၈-၆-၂၀၂၆ ရက်နေ့မှ ၁၁-၇-၂၀၂၆ ရက်နေ့အထိ ပြင်ဆင်ခြင်းများ ပြုလုပ်ခဲ့ပါကြောင်း၊ အလုပ်ရှင်မှ ကားထဲတွင် ထည့် ရသည့်ပစ္စည်းများကို ဝပ်ရှော့ပိုင်ရှင်နှင့် တိုက်ရိုက်ပြောပြီး ပြုလုပ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကား ပြင်ဆင်နေသည့်ကာလအတွင်း ၂၃-၆-၂၀၂၆ ရက်နေ့တွင် အလုပ်ရှင်မှ တာဝန်ခံ ဦးဟိန်းသူကျော် အား ရန်ကုန်သို့ ပြန်လာရန်ခေါ်ခဲ့၍ တာဝန်ခံသည် ရန်ကုန်သို့ ပြန်သွားခဲ့ပြီး ယာဉ်မောင်းနှင့် အရောင်းဝန်ထမ်း ဦးစည်သူဝင်းသာ ကျန်ခဲ့ပါကြောင်း၊ ကားပြင်ဆင်ချိန်တစ်လအတွင်း မြဝတီရှိ အလုပ်ရှင်၏ ဂိုဒေါင်တွင် နေထိုင်ခဲ့ပါကြောင်း၊ ကားပြင်ဆင်မှုသည် ပထမဝပ်ရှော့တွင် ၁၈-၆-၂၀၂၆ ရက်နေ့မှ ၁၁-၇-၂၀၂၆ ရက်နေ့အထိ ပြင်ဆင်ပြီး ဒုတိယဝပ်ရှော့သို့ ၁၂-၇-၂၀၂၆ ရက်နေ့ မှ ၁၅-၇-၂၀၂၆ ရက်နေ့အထိ ဆက်ပြီးပြင်ဆင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကားပြင်ဆင်သည့် အချိန် တစ်လအတွင်း စားစရိတ်နှင့် အခြားကိစ္စရပ်များကို ကျန်ရှိသည့်အရောင်းဝန်ထမ်း ဦးစည်သူဝင်း မှ တာဝန်ယူဆောင်ရွက်ပါကြောင်း၊ ၁၅-၇-၂၀၂၆ရက်နေ့တွင် ကားပြင်ဆင်မှုပြီးစီး၍ ဂိုဒေါင်ရှိ ပစ္စည်းများတင်ကာ ၁၆-၇-၂၀၂၆ ရက်နေ့တွင် မြဝတီမှ မော်လမြိုင်သို့ ပြန်လာပါကြောင်း၊ မြဝတီမှ ကော့ကရိတ်အထိ မြဝတီမှယာဉ်မောင်းအား ငှားရမ်းမောင်းခိုင်းခဲ့ပါကြောင်း၊ မိမိသည် ကော့ကရိတ်မှ မော်လမြိုင်သို့ မောင်းပြီးပြန်လာခဲ့ပါကြောင်း၊ ၁၇-၇-၂၀၂၆ ရက်နေ့တွင် မော်လမြိုင်မှ ရန်ကုန်သို့ မောင်းပြီးပြန်လာခဲ့ပါကြောင်း၊ ၁၈-၇-၂၀၂၆ ရက်နေ့တွင် ဖုန်းဖြင့် ခွင့်တင်၍ နားခဲ့ပါကြောင်း၊ ၁၉-၇-၂၀၂၆ ရက်နေ့တွင် တနင်္ဂနွေနေ့ (အာဇာနည်နေ့) ပိတ်ရက်

ဖြစ်ပြီး ၂၀-၇-၂၀၂၆ ရက်နေ့တွင် ရုံးပြန်လည်တက်ရောက်ခဲ့ပါကြောင်း၊ ၂၁-၇-၂၀၂၆ ရက်နေ့တွင် နေမကောင်းသဖြင့် ဖုန်းဖြင့် ခွင့်တိုင်ကြားခဲ့ပါကြောင်း၊ ၂၂-၇-၂၀၂၆ ရက်နေ့တွင် ရုံးတက်ရောက်ခဲ့ပြီး ရုံးတက်သည့်နေ့တွင် HR မန်နေဂျာ ဒေါ်နီလာဝင်းမှ ကားကိစ္စအကြောင်းနှင့် ကားကုန်ကျစရိတ်တို့ကို ပြောပြခဲ့ပြီး လျော်ပေးရမည်ဟုပြောပါကြောင်း၊ ကားကုန်စရိတ်အားလုံး၏ သုံးပုံတစ်ပုံကို ချက်ချင်းပေးရန် ပြောခဲ့ပါကြောင်း၊ ကျန်သည့်ကုန်ကျစရိတ်ကို ယာဉ်မောင်း၏ လစာထဲမှ ဖြတ်တောက်သွားမည်ဖြစ်ပြီး ပြင်ဆင်စရိတ်များအတွက် ယာဉ်မောင်းကသာ တာဝန်ရှိသည်ဟု ပြောပါကြောင်း၊ မလျော်နိုင်လျှင် တရားရင်ဆိုင်ရမည်ဟု ပြောခဲ့ပါကြောင်း၊ ၂၂-၇-၂၀၂၆ ရက်နေ့တွင် HR မှ လုပ်ငန်းခေတ္တဆိုင်းငံ့မည်ဟု ပြောခဲ့ပြီး ဝန်ထမ်းကတ်ကိုလည်း သိမ်းထားသည့်အတွက် မိမိအနေဖြင့် အလုပ်မှရပ်နားသည်ဟုထင်ပြီး ကားကုန်ကျစရိတ်ကိုလည်း လျော်ပေးရမည်ဟုပြောသည့်အတွက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ပါကြောင်း၊ မိမိအနေဖြင့် အလုပ်ပြန်လည်ဝင်ရောက်လုပ်ကိုင်လိုပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၅။ အလုပ်ရှင်ကိုယ်စား HR Manager ဒေါ်နီလာဝင်း ထွက်ဆိုတင်ပြရာတွင် Master Diamond Co.,Ltd သည် ၂၀၂၂ ခုနှစ်ကတည်းက စတင်ဖွင့်လှစ်ခဲ့ပြီး အလုပ်ရှင်မှာ ဦးရဲဝေယံလင်း ဖြစ်ပါကြောင်း၊ ဝန်ထမ်း(၁၁)ယောက်ရှိပြီး ၁၈-၆-၂၀၂၅ ရက် နောက်ပိုင်းတွင် ယာဉ်မောင်း(၁)ဦး ထပ်မံခန့်ထားပါကြောင်း၊ အင်ဂျင်ဝိုင်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်ပါကြောင်း၊ ယာဉ်မောင်း ဦးငြိမ်းချမ်းကိုကိုအား ၁၁-၄-၂၀၂၅ ရက်နေ့မှ အစမ်းခန့်ကာလ(၃)လ ခန့်ထားပြီး ၁၁-၇-၂၀၂၅ ရက်နေ့တွင် အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်ခဲ့ပါကြောင်း၊ ယာဉ်မောင်းလစာအား (၅)သိန်း ရရှိခဲ့ပါကြောင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်(EC) စာချုပ် မရှိပါကြောင်း၊ ယာဉ်မောင်း ဦးငြိမ်းချမ်းကိုကိုအား အင်ဂျင်ဝိုင်ဖြန့်ချိရေးအတွက် မြဝတီသို့ စေလွှတ်ခဲ့ပါကြောင်း၊ ယာဉ်မောင်းနှင့်အတူ အရောင်းမန်နေဂျာ ဦးဟိန်းသူကျော်၊ အရောင်းဝန်ထမ်း ဦးစည်သူဝင်း၊ စတိုဝန်ထမ်း ဒေါ်ယမင်းသူနှင့် သန့်ရှင်းရေးဝန်ထမ်း ဒေါ်လဲ့လဲ့တို့ ပါဝင်ပါကြောင်း၊ အလုပ်ရှင်မှ ခရီးဝေးသွားမည်ဆိုလျှင် ယာဉ်မောင်းအား ယာဉ်စစ်ဆေးခိုင်းပါကြောင်း၊ လမ်းတွင် ကားညှော်နံ့နှင့် မီးခိုးများထွက်လာသည်ကို ကားပေါ်တွင်ပါလာသော တာဝန်ခံမှ ကားခေတ္တရပ်နားရန် ပြောသော်လည်း ယာဉ်မောင်းမှ ရပ်နားခြင်းမရှိဘဲ ဆက်လက်မောင်းနှင်ခြင်းဖြစ်ပါကြောင်း၊ ကော့ကရိတ်အကျော် လမ်းတစ်ဝက်အကြာတွင် တောင်စောင်းများဖြစ်သည့်အတွက် ကားချို့ယွင်းမှုများဖြစ်လာသဖြင့် တောင်းစောင်းနှင့်ကပ်သွားပြီး ကားတွင် ခြစ်ရာများတွေ့ရ၍ ဆေးမှုတ်

ပြင်ဆင်မှုများ ပြုလုပ်ရပါကြောင်း၊ ကားအင်ဂျင်သည် အချိန်မစေ့မီ ချို့ယွင်းပျက်စီးသွားခြင်း ဖြစ်ပါကြောင်း၊ မြဝတီဝပ်ရှော့တွင် ပြင်ဆင်ရသည့်အချိန်သည် တစ်လကြာပြီး ကားထဲတွင် ပြင်ဆင်ရသည့်ပစ္စည်းများ ကုန်ကျစရိတ်တန်ဖိုးသည် (၇၃) သိန်းကျော်ရှိကြောင်း (ဘောက်ချာ ပူးတွဲ) နှင့် တစ်လတွင် စားစရိတ်နှင့် အခြားကိစ္စ(၂၇)သိန်းကျော်(ပြေစာ ပူးတွဲ) စုစုပေါင်း သိန်း ၁၀၀ ကျော်ဖြစ်ကြောင်း၊ ၂၂-၇-၂၀၂၆ ရက်နေ့တွင် HR မှ ကားပြင်ဆင်စရိတ် သိန်း ၇၀ ကျော်ဟု ပြောခဲ့ပါကြောင်း၊ အမှန်ကတယ်ပေးရမည့်ငွေကြေးအား ပြန်လည်ညှိနှိုင်းရန် လိုပါကြောင်း၊ လတ်တလောတွင် (၁၀) ရက်နှင့် (၂၀) ရက်အကြား သိန်း ၂၀ လောက် ပေးသွင်းရမည်ဟု ပြောခဲ့ပါကြောင်း၊ ယာဉ်မောင်း ဦးငြိမ်းချမ်းကိုကိုမှ သူဌေးနှင့် ညှိနှိုင်းအုံးမည်ဟု ပြောကြားခဲ့ပါကြောင်း၊ အလုပ်ရှင်မှ ယာဉ်မောင်းအား ပေးဆပ်နိုင်မည့်နှုန်းထားကို ညှိနှိုင်းပေးမည်ဟု ပြောကြားခဲ့ပါကြောင်း၊ HR မှ ဦးငြိမ်းချမ်းကိုကိုအား အလုပ်ခေတ္တဆိုင်းငံ့မည်၊ နောက်တစ်နေ့ (၂) နာရီတွင် ညှိနှိုင်းရန်ပြောသော်လည်း ယာဉ်မောင်းမှ လာရောက်ခြင်း မရှိတော့ပါကြောင်း၊ HR မှ အလုပ်ခေတ္တဆိုင်းငံ့မည်ကိုသာ ပြောပါကြောင်း၊ အလုပ်ထုတ်မည်ဟု မပြောခဲ့ပါကြောင်း၊ အလုပ်ထုတ်ပယ်ခဲ့ခြင်း မဟုတ်ပါကြောင်း၊ ယာဉ်မောင်း ဦးငြိမ်းချမ်းကိုကိုသည် မြဝတီတွင် ကားပြင်ဆင်ရသည့်ပစ္စည်း(၁၅)မျိုး ယူလာခဲ့ခြင်းမရှိပါကြောင်း၊ ကားကိုလည်း ရန်ကုန်ဝပ်ရှော့တွင် အပ်ထားခြင်းဖြစ်ပါကြောင်း၊ အလုပ်ရှင်အနေဖြင့် ဦးငြိမ်းချမ်းကိုကိုအား ကားကိစ္စအပြီးအပြတ် စစ်ဆေးပြီးမှ အလုပ်ပြန်လည်ခန့်ထားပေးရန် စဉ်းစားမည်ဖြစ်ကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

**သုံးသပ်ချက်**

၆။ Master Diamond Co., Ltd သည် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက် စာချုပ် EC စာချုပ်မရှိပါကြောင်း၊ ကုမ္ပဏီ၏ယာဉ်မောင်းစည်းကမ်းချက်သာ ထုတ်ပြန်ထားခြင်းဖြစ်ကြောင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ် EC စာချုပ် ချုပ်ဆိုရန် အလုပ်သမားညွှန်ကြား ရေးဦးစီးဌာန၊ သက်ဆိုင်ရာနယ်မြေရုံးဖြင့် ချိတ်ဆက်ဆောင်ရွက်သင့်ပါကြောင်း သုံးသပ်ရရှိပါသည်။

၇။ HR ဒေါ်နီလာဝင်းမှ အလုပ်ခေတ္တဆိုင်းငံ့မည်ဟု ပြောခဲ့ခြင်း၊ ဝန်ထမ်းကတ်သိမ်းထားခြင်း၊ ကားပြင်ဆင်စရိတ် (၁၀) ရက်အတွင်း သိန်း ၂၀ လျှော်ရမည်၊ မလျှော်နိုင်လျှင် တရားရင်ဆိုင်ရမည်ဟု ပြောခဲ့ခြင်းကြောင့် အလုပ်သမားမှ ၂၄-၇-၂၀၂၆ ရက်နေ့တွင် ရုံးတက်ရောက်ခြင်း မရှိဘဲ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ကြောင်း သုံးသပ်ရရှိပါသည်။

၈။ ယာဉ်မောင်း ဦးငြိမ်းချမ်းကိုကိုသည် အလုပ်စတင်ဝင်ရောက်ကတည်းက (၁)နှစ်ကျော်အထိ ခရီးဝေးကို ပထမဆုံးသွားရောက်ခဲ့ခြင်းဖြစ်ပြီး တောင်တက်/ တောင်ဆင်း မမောင်းဖူးဟုပြောသော်လည်း အလုပ်ရှင်မှ သွားရောက်ခိုင်းခဲ့ခြင်း၊ အလုပ်သမားမှလည်း မောင်းနှင်ခဲ့သည့်အတွက် နှစ်ဖက်လုံးတွင် အားနည်းချက်များရှိကြောင်း သုံးသပ်ရရှိပါသည်။

၉။ ကားပြင်ဆင်သည့်ကုန်ကျစရိတ်အား ယာဉ်မောင်းအနေဖြင့် မည်မျှတာဝန်ရှိပြီး မည်သည့်ပမာဏ လျော်ရမည်၊ အလုပ်ရှင်မှ မည်သို့ဖြတ်တောက်နိုင်ကြောင်း၊ မည်သည့်ပမာဏအားမလျော်ရမည်ကို ခုံသမာဓိအဖွဲ့အနေဖြင့် ဆုံးဖြတ်ပိုင်ခွင့်မရှိသဖြင့် အလုပ်ရှင်နှင့် အလုပ်သမားတို့ပြေလည်သည်အထိ ညှိနှိုင်းဆောင်ရွက်သင့်ကြောင်းနှင့် ညှိနှိုင်းမပြေလည်လျှင် နစ်နာသူမှသက်ဆိုင်ရာတရားရုံးသို့ ဦးတိုက်လျှောက်ထားသင့်ကြောင်း သုံးသပ်ရရှိပါသည်။

၁၀။ အလုပ်ရှင်ဘက်မှ အလုပ်သမားထံမှ ငွေကြေးဖြတ်တောက်ရန် ရှိသဖြင့် အလုပ်ထုတ်ရန်ဆန္ဒမရှိသော်လည်း HR ဒေါ်နီလာဝင်းမှ အလုပ်ခေတ္တဆိုင်းငံ့မည်ဟု ပြောကြားခဲ့ခြင်း၊ ဝန်ထမ်းကတ်သိမ်းထားခြင်းတို့ကို ဆောင်ရွက်ခဲ့သည့်အတွက် အလုပ်သမားက အလုပ်မှထုတ်ပယ်သည်ဟုမှတ်ယူပြီး ရုံးတက်ရောက်ခြင်း မရှိခဲ့၍ ကြားကာလနစ်နာကြေးပေးရန် မလိုကြောင်းနှင့်အလုပ်ရှင်မှလည်း အလုပ်ထုတ်ပယ်ခြင်းမဟုတ်သည့်အတွက် အလုပ်ပြန်လည်ဝင်ရောက်ခွင့်ပြုရန် ဆုံးဖြတ်သည်။

**ဆုံးဖြတ်ချက်။** အလုပ်ရှင်မှ ယာဉ်မောင်း ဦးငြိမ်းချမ်းကိုကိုအား အလုပ်ပြန်လည်ဝင်ရောက်ခွင့်ပြုရန်နှင့် ကြားကာလနစ်နာကြေးပေးရန် မလိုကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။**

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

| | | |
|---|---|---|
| (မင်းရဲဇော်)<br>အတွင်းရေးမှူး | (လွင်လွင်မြင့်)<br>ဥက္ကဋ္ဌ | (ကျော်ရီဦး)<br>အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဒေါ်ကျင်အေး)<br>အဖွဲ့ဝင် | (ဒေါက်တာခင်မောင်အေး)<br>အဖွဲ့ဝင် | ( လစ်လပ် )<br>အဖွဲ့ဝင် | (မြင့်အောင်)<br>အဖွဲ့ဝင် |
| (ကျော်ကျော်ညွန့်)<br>အဖွဲ့ဝင် | (စောတင်)<br>အဖွဲ့ဝင် | (စိုးလွင်)<br>အဖွဲ့ဝင် | (ငြိမ်းမောင်)<br>အဖွဲ့ဝင် |